

မူဂါဒအကျဉ်း

အရှေ့တောင်အာရှရှိ သီးနှံသစ်တောအရောစိုက်ပျိုးရေး ။
သစ်တော - စိုက်ပျိုးရေးခြားနားမှုကို ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု အတွက် ပေါင်းကူးတံတားထိုးပေးခြင်း

World Agroforestry

AWG-SF
ASEAN Working Group on Social Forestry

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

Swiss Agency for Development and Cooperation SDC

asean

ကမ္ဘာ့သီးနှံသစ်တောအရောစိုက်ပျိုးရေးဗဟိုဌာန အရှေ့တောင်အာရှဒေသဆိုင်ရာ အစီအစဉ်နှင့် (World Agroforestry; ICRAF)
အာဆီယံလူမှုသစ်တောကွန်ယက်တို့ လက်တွဲပူးပေါင်းဆောင်ရွက်ပြီး ပြုစုထားသော (ASEAN Working Group on Social Forestry)

World Agroforestry Policy Brief No. 91

ဓါတ်ပုံ - ကမ္ဘာ့သီးနှံသစ်တောအရောစိုက်ပျိုးရေးဗဟိုဌာန (World Agroforestry)/Meine van Noordwijk

မူဂါဒအကျဉ်း

အရှေ့တောင်အာရှရှိ သီးနှံသစ်တောအရောစိုက်ပျိုးရေး ။

သစ်တော - စိုက်ပျိုးရေးခြားနားမှုကို ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု အတွက် ပေါင်းကူးတံတားထိုးပေးခြင်း







Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

Swiss Agency for Development
and Cooperation SDC



ကမ္ဘာ့သီးနှံသစ်တောအရောစိုက်ပျိုးရေးဗဟိုဌာန အရှေ့တောင်အာရှဒေသဆိုင်ရာ အစီအစဉ်နှင့် (World Agroforestry; ICRAF)
အာဆီယံလူမှုသစ်တောကွန်ယက်တို့ လက်တွဲပူးပေါင်းဆောင်ရွက်ပြီး ပြုစုထားသော (ASEAN Working Group on Social Forestry)

ထိပ်စအက္ခရာများနှင့် အတိုကောက်ရေးထားသော စကားလုံးများစာရင်း

AMS	(ASEAN Member State) အာဆီယံအဖွဲ့ဝင်နိုင်ငံ
ASEAN	(Association of Southeast Asian Nations) အရှေ့တောင်အာရှနိုင်ငံများအဖွဲ့
ASFCC	(ASEAN-Swiss Partnership on Social Forestry and Climate Change) လူမှုသစ်တောနှင့် ရာသီဥတုအပြောင်းအလဲဆိုင်ရာ အာဆီယံ-ဆွစ် ပူးပေါင်းဆောင်ရွက်မှု
AWG-SF	(ASEAN Working Group on Social Forestry) လူမှုသစ်တောဆိုင်ရာ အာဆီယံလုပ်ငန်းအဖွဲ့

ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် (SDG) ၁၇ ရပ်ကို လက်ခံကျင့်သုံးပြီး နောက်ဆက်တွဲအနေနှင့် ပါရီရာသီဥတုဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးထားသည့် နိုင်ငံခေါင်းဆောင်များတို့သည် ယခုသီးခြားစီတည်ရှိနေသော မူဝါဒနယ်ပယ်များ တလျောက်တွင် ပူးပေါင်းရောယှက်ဆောင်ရွက်မှုတစ်ရပ်ကို သဘောတူညီခဲ့ကြပါသည်။ အခြားသောနေရာများတွင် ပိုမိုကြီးမားသော ပြဿနာများဖြစ်ပေါ် စေသည့် တစိတ်တစ်ပိုင်းဖြေရှင်းချက်များတို့ကို ဆက်လက်ပြီးလက်ခံခြင်းမရှိတော့ပါ။


မြေအသုံးချမှုကဏ္ဍတွင် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောအတွက် သီးခြားဖြစ်တည်နေသော သမိုင်းကြောင်းများနှင့် အဖွဲ့အစည်းများတို့သည် ပူးပေါင်းရောယှက်ဆောင်ရွက်ခြင်းကို ဆန့်ကျင်ခဲ့ကြသည်။ သစ်တောစိုက်ပျိုးရေးသည် ပေါင်းစည်းထားသော မြေနေရာအယူအဆတစ်ရပ်တွင် ထိုကဏ္ဍများတို့ကို ပေါင်းကူးတံတားထိုးရန် ပူးပေါင်းရောယှက်မှုဆိုင်ရာ သဘောတရားအဖြစ် အကူအညီပေးနိုင်ပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများတို့တွင် SDG များတို့ကိုလည်းကောင်း၊ ရာသီဥတုဆိုင်ရာ မူဝါဒအကြောင်း ထုတ်ဖော်ပြောဆိုခြင်းကိုလည်းကောင်း၊ ပိုပြီးဘက်မျှသော လုပ်ဆောင်မှုတစ်ရပ်ကိုဖန်တီးရန် အာဆီယံ၏ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍအတွက် နည်းစနစ်ကျသော တွန်းအားပေးမှုအသစ်တစ်ရပ်ကိုလည်းကောင်း အသုံးပြုရန်အခွင့်အရေးတစ်ရပ်ရှိပါသည်။ ဘက်စုံလုပ်ငန်းလည်ပတ်နိုင်သည့် သစ်ပင်ဖုံးလွှမ်းမှုကို ရရှိအောင်မြင်စေရာတွင်လည်းကောင်း၊ လက်ခံကျင့်သုံးမှု၊ ဖြေလျော့မှုနှင့် ဂေဟစနစ်တို့ကို အထောက်အကူပြုရာတွင်လည်းကောင်း လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောကို မြေအသုံးချမှုအဖြစ် ရောနှောအသုံးပြုခြင်းအားဖြင့် အဓိကထားဦးတည်မှုသည် ပုံစံထက် လုပ်ငန်းလည်ပတ်မှုဘက်သို့ ပြောင်းသွားနိုင်ပါသည်။

စဉ်	အဓိကတွေ့ရှိချက်များ	မူဝါဒရည်ညွှန်းချက်များ
၁	'သစ်တောများ' နှင့် 'သီးနှံသစ်တောအရောစိုက်ပျိုးရေးနည်းပညာ' တို့ကို ဥပဒေများ၊ စည်းမျဉ်းများ၊ အဖွဲ့အစည်းများ၊ ပညာရေးနှင့် အုပ်ချုပ်ရေး၏ ကဏ္ဍများစွာတွင် 'လယ်သမားများ'၊ 'လယ်ယာစိုက်ပျိုးရေး' တို့နှင့် ခြားနားစွာ သတ်မှတ်တတ်ကြ သည်။ ၄င်းတို့ကို ဆန့်ကျင်ဘက်များနှင့် ပြိုင်ဘက်များအဖြစ် မြင်လေ့ရှိကြသည်။	'သစ်တော' ၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်သည် သစ်တောပြန်တီးမှု၊ သစ်တောပြန်လည်ထူထောင်မှုနှင့် သစ်တောစိုက်ပျိုးမှု၊ သစ်တောပြန်တီးမှု လုံးဝမရှိရေး ကတိကဝတ်များ၊ အာရ်အီးဒီဒီ++နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ၏ ဖော်ပြချက်များတို့အတွက် အရေးပါသည်။
၂	အရှေ့တောင်အာရှတွင် လယ်ယာစိုက်ပျိုးမြေနေရာ ၇၇% တို့ ၏ အနည်းဆုံး ၁၀% နှင့် ၄၇% တို့၏ အနည်းဆုံး ၃၀% တို့သည် သစ်ပင်ဖုံးလွှမ်းနေသည်။ အဖွဲ့အစည်းဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များထက် ဂေဟစနစ်ဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များက ပိုပြီးလွှမ်းမိုးနိုင်ပါက ထိုမြေနေရာ၏ ထိုအစိတ်အပိုင်းများတို့ကို 'သစ်တော' ဟု သတ်မှတ်နိုင်ပါသည်။	သစ်ပင်များတို့သည် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ၊ မြို့နှင့်တောစပ်ကြားနှင့် မြို့ပြမြေနေရာများတို့၏ အများပြည်သူအတွက် ကောင်းကျိုးများစွာပေးလျက်ရှိသော သာမန်အစိတ်အပိုင်းတစ်ခုသာဖြစ်သည်။ ထိုသစ်ပင်များတို့သည်လည်း မူဝါဒများတို့၏ အထောက်အပံ့ကို သစ်တောများအတွင်းမှ သစ်ပင်များနည်းတူ လိုအပ်ပါသည်။
၃	လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောစိုက်ပျိုးမှုနည်းပညာတို့ကြားရှိ ပေါင်းကူးတံတားတစ်ခုအနေနှင့် သီးနှံသစ်တောအရောစိုက်ပျိုးရေး သည် မြေကွက်အဆင့်နည်းပညာမှသည် မြေပြင်ကျယ်တစ်ခု လုံးကို လွှမ်းခြုံသည့် သစ်တော-စိုက်ပျိုးရေးကြားခံနယ်မြေနှင့် ၄င်း၏ပြောင်းလဲမှုများတို့အတွက် ဂေဖန်ဆန်းစစ်လေ့လာမှုထံ သို့ ကြီးထွားလာခဲ့ပြီဖြစ်သည်။ ညီညွတ်မျှတသော မူဝါဒများရှိ ဘက်ပေါင်းစုံပိုမိုပါဝင်သော 'လယ်ယာစိုက်ပျိုးရေး+သစ်တော' အယူအဆတစ်ရပ်သည် ယခုအချိန်တွင် ပိုမိုလက်တွေ့ကျ သော လမ်းကြောင်းတစ်ခုအဖြစ် ပေါ်ထွက်လာလျက်ရှိသည်။	အနည်းငယ်မျှသော နိုင်ငံများတို့သည် သစ်တောနှင့် စိုက်ပျိုးထားသည့် သစ်တောများကြားတွင်ဖြစ်စေ၊ စိုက်ပျိုးထား သည့် သစ်တောနှင့် လယ်ယာစိုက်ပျိုးရေးတို့ကြားတွင်ဖြစ်စေ ပြတ်သားစွာ အဓိပ္ပါယ်ဖွင့်ဆိုမှုမရှိသော်လည်း အများပြည်သူနှင့် ပုဂ္ဂလိက အမှန်တကယ်လုပ်ငန်းများ၊ စရိတ်များနှင့် သစ်ပင်ဖုံးလွှမ်းမှုပုံစံ အမျိုးမျိုးတို့နှင့်ဆက်စပ်နေသည့် အကျိုးကျေးဇူးများတို့အပေါ် အခြေခံထားသည့် သီးနှံသစ်တောအရောစိုက်ပျိုးရေးနည်းပညာဆိုင်ရာမူဝါဒများကို ဖော်ထုတ်ထားခဲ့ကြပါသည်။
၄	လယ်ယာစိုက်ပျိုးရေးမြေနေရာများရှိ သစ်ပင်များနှင့် သစ်တောစိုက်ပျိုးမှုတို့၏ ပေါင်းစပ်ရောယှက်မှုသည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်အမျိုးမျိုးကို ထည့်ဝင်ပံ့ပိုးပေးနိုင်ပါသည်။	ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များထံရောက်ရှိ အောင်မြင်ခြင်းသည် ပုံသဏ္ဌာန်ထက် လုပ်ငန်းဆောင်ရွက်ချက်ကို အဓိကထားဦးတည်မှုတစ်ရပ်လိုအပ်သည်။ မြေပြင်နေရာများသို့လည်းကောင်း၊ ညီညွတ်မျှတသော မူဝါဒများဖြင့်လည်းကောင်း အချိတ်အဆက်မိသော လယ်ယာစိုက်ပျိုးရေး+သစ်တောနည်းလမ်းတစ်ခုသည် ရှိနေသည့်ခွဲခြားမှုများတို့ကို ပေါင်းကူးပေးရန် အခွင့်အလမ်းတစ်ရပ်ပေးသည်။

၁။ လယ်သမားများနှင့် လယ်ယာစိုက်ပျိုးခြင်းနှင့် နိုင်းယှဉ်လိုက်ပါက သစ်တောများနှင့် သစ်တောစိုက်ပျိုးမှုနည်းပညာတို့ကို ခြားနားစွာ သတ်မှတ်ထားကြသည်။

ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းများ၊ ပညာရေးနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာရှိ အခြားသောကဏ္ဍများစွာတို့တွင် ဒေသသုံးနှင့် စျေးကွက်ဝင်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ပေးရန်အတွက် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ မြေအသုံးချမှုကို ထပ်တူကျသော သို့မ ဟုတ် အလားတူ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ထုတ်လုပ်ပေးနေလင့်ကစား သစ်တောများဆိုင်ရာ မြေအသုံးချမှုနှင့် ကွဲပြားခြား နားစွာ သတ်မှတ်ထားကြသည်။ ထို "အရိုးစွဲနေသောခွဲခြားမှု" တွင် ရှည်လျားသော နောက်ခံသမိုင်းကြောင်းရှိသည်။ ဥရောပတွင် 'သစ် တော' ဟူသော သဘောတရားသည် ရွာသားများက လက်လှမ်းမမီသောနေရာ အမဲလိုက်ရန်ဖြစ်စေ၊ ရေတပ်အတွက်သင်္ဘောများ တည် ဆောက်ရန်အတွက် သစ်ထုတ်လုပ်ရန်ဖြစ်စေ၊ နိုင်ငံအတွက် အခြားသောအကျိုးကျေးဇူးများ အတွက်ဖြစ်စေ သီးသန့်သတ်မှတ်ထားသော နေရာအဖြစ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ သစ်တောများနှင့် လယ်ကွင်းများတို့ကို ဆန့်ကျင်ဘက်များနှင့် ပြိုင်ဘက်များအဖြစ် သတ်မှတ် လေ့ရှိကြသည်။ ဤခေလ့ထုံးစံကို သစ်တောစိုက်ပျိုးမှုနည်းပညာနှင့် လယ်ယာစိုက်ပျိုးရေးတို့အကြောင်းကို သီးခြားခွဲထွက်သောလမ်း ကြောင်းများအဖြစ် ပညာရေးနှင့် သိပ္ပံဘာသာရပ်တို့ကလည်း ထင်ဟပ်ပြခဲ့ကြပြီး ကမ္ဘာတစ်ဟုန်းလုံးတွင် တည်တံ့လျက်ရှိနေသည့် ယဉ်ကျေးမှုနှင့် စိတ်ဓာတ်ပိုင်းတွင် ခြားနားမှုတစ်ရပ်ကို အားဖြည့်လျက်ရှိသည်။




ပုံ ၁။ ။ သစ်ပင်လွှမ်းခြုံမှုပေါ်အခြေခံသော သစ်တောဆိုင်ရာအယူအဆနှင့် အဖွဲ့အစည်းများပေါ် အခြေခံသော အယူအဆတို့ ဆက်စပ်နေပုံ (van Noordwijk and Minang 2009)

ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ဆွေးနွေးမှုတစ်ခုတွင် သစ်တောများနှင့် လယ်ယာစိုက်ပျိုးရေးတို့ကြားရှိ ဆက်စပ်မှုများသည် မူဝါဒ အတွက် လိုအပ်သော ဦးတည်ချက်တစ်ခုအဖြစ် သိမြင်မှုများတိုးတက်နေသော်လည်း သီးခြားအကြောင်းအရာများအဖြစ် သတ်မှတ်ကြသည်။ သို့သော် မူဝါဒဖော်ထုတ်မှုအပိုင်းသို့ ရောက်ရှိလာသောအချိန်တွင် 'သစ်တော' ၏ လုပ်ငန်းလည်ပတ်မှုပိုင်းဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုကိုရရှိရန်မှာ သိသာထင်ရှားစွာပင် ခက်ခဲကြောင်း တွေ့ရှိရပါသည်။ ကျယ်ပြန့်စွာလိုက်နာလျက်ရှိသော ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ အဓိပ္ပါယ်ဖွင့်ဆိုချက် (FAO 2000 2015) က သစ်ပင်များအလုံးအလောက်ပေါက်ရောက်နေသောနေရာတစ်ခုကို လယ်ယာစိုက်ပျိုးရေးဆိုင်ရာဖြစ်စေ၊ မြို့ပြထူထောင်မှုဆိုင်ရာဖြစ်စေ၊ အခြေချမှုတစ်ခုမပြုသေးမီကာလပတ်လုံး 'သစ်တော' ဟုခေါ် ဆိုနိုင်ကြောင်း ထိရောက်စွာ သတ်မှတ်ထားပါသည်။ ဤတွင် သိသာထင်ရှားစွာပင် 'သစ်တော' ဟု သတ်မှတ်ထားသောမြေနေရာနှင့် သတ်မှတ်မထားသော မြေနေရာတို့ကြားတွင် ကျွန်ုပ်တို့၏မြေလွတ်များတို့ကို ရှေးရိုးစွဲ ခွဲခြားသတ်မှတ်မှုဖြစ်သည့် အလွတ်သဘောသတ်မှတ်ချက်တစ်ခု ရှိနေပါသည်။ 'သစ်ပင်ဖုံးလွှမ်းမှု' ဟူသောသဘောအရ စဉ်းစားကြည့်ခြင်းသည် ငှင်းကဲ့သို့သော လုပ်ငန်းများအားဖြင့် ခြားနားသော အကြောင်းအရာတစ်ခုကို ပြောပြနိုင်ပါမည်။


၂။ အရှေ့တောင်အာရှရှိ သစ်ပင်ဖုံးလွှမ်းထားသော လယ်ယာစိုက်ပျိုးရေးဆိုင်ရာမြေ

ဆက်သွယ်ရေးပြုပ်တုမှရရှိသောပုံအရ၊ သစ်ပင်နှင့် သစ်ပင်ဖုံးလွှမ်းသောနယ်မြေတို့ကို အခြားစိုက်ခင်းနေရာများနှင့် ခွဲခြားသိနိုင်သည်။ သစ်ပင်ဖုံးလွှမ်းမှုအမျိုးမျိုးပါရှိသည့် လယ်ယာစိုက်ပျိုးရေးမြေနေရာ၏ အပိုင်းလိုက်ခွဲပြသော အကျဉ်းချုပ်ဂရပ်ဖ်တစ်ခုသည် (နိုင်ငံများတို့က FAO မှ ထိန်းသိမ်းထားသည့် အပြည်ပြည်ဆိုင်ရာ သတင်းအချက်အလက်တွင် 'သစ်တော' ဟု မှတ်ပုံတင်ထားသည့် နယ်မြေများ

မပါဘဲ) လယ်ယာစိုက်ပျိုးရေးမြေနေရာတွင် သိသာထင်ရှားပြီး 'သစ်တော' ဟုသတ်မှတ်နိုင်အောင်လုံလောက်သော 'သစ်ပင်ဖုံးလွှမ်းမှု' ရှိနေကြောင်း ဖော်ပြနေပါသည်။ အရှေ့တောင်အာရှတွင် လယ်ယာစိုက်ပျိုးမြေ ၇၇% တွင် အနည်းဆုံး ၁၀% နှင့် ၄၇% တွင် အနည်းဆုံး ၃၀% သစ်ပင်ဖုံးလွှမ်းမှုရှိနေပြီး အဆိုပါမြေအစိတ်အပိုင်းများတို့ကို ရှေးရိုးကျသော သတ်မှတ်ချက်အရမဟုတ်ဘဲ သဘာဝပတ်ဝန်းကျင် ဆိုင်ရာ သတ်မှတ်ချက်ကို ရှေ့တန်းတင်ပြီး 'သစ်တော' ဟုသတ်မှတ်နိုင်သည် (Zomer et al 2014)။ အရှေ့တောင်အာရှတွင် သစ်ပင်ဖုံး လွှမ်းမှုသည် အထိုက်အလျောက် မြင့်မားသော်လည်း မိုးရေရရှိမှုနှင့်စပ်လျဉ်းပြီး သာမန်မျှသာဖြစ်သည် (ပုံ ၂)။ ဗဟိုအမေရိကရှိ လယ်ယာစိုက်ပျိုးရေးမြေများတို့တွင် သစ်ပင်ဖုံးလွှမ်းမှုပိုမိုမြင့်မားသည်။ သစ်တောပြင်ပရှိ သစ်ပင်ဖုံးလွှမ်းမှုသည် ဆယ်နှစ်တာအချိန် အပိုင်းအခြားတစ်ခုအတွင်း သုံးသပ်ချက်အရ သိသာထင်ရှားသော တိုးတက်မှုများအပြင် ဆုတ်ယုတ်မှုများလည်းရှိနေခြင်းဖြင့် အား ကောင်းလျက်ရှိသည် (ပုံ ၃)။




ပုံ ၂။ ။ မိုးရေချိန်အတွက် လုပ်ဆောင်မှုတစ်ရပ်အဖြစ် လယ်ယာစိုက်ပျိုးမြေများပေါ်တွင် သစ်ပင်ဖုံးလွှမ်းမှု (Zomer et al 2014)



ပုံ ၃။ ။ အရှေ့တောင်အာရှတွင် လယ်ယာစိုက်ပျိုးရေးမြေ (သစ်တောမဟုတ်သော) ပေါ်ရှိ သစ်ပင်ဖုံးလွှမ်းမှုအပြောင်းအလဲ (Zomer et al 2016)


၃။ 'သစ်တော'နှင့် 'စိုက်ပျိုးရေး' ကြားရှိ ပေါင်းကူးတံတားတစ်ခုအဖြစ် သီးနှံသစ်တောအရောစိုက်ပျိုးရေးနည်းပညာ

သီးနှံသစ်တောအရောစိုက်ပျိုးရေးနည်းပညာဆိုင်ရာ အယူအဆ (ပုံ ၄) သည် သစ်ပင်များ၊ ကောက်ပဲသီးနှံများနှင့် မွေးမြူရေးတို့၏ မြေကွက်အဆင့်ရောယှက်မှုမှစပြီး မြန်မာနိုင်ငံရှိ (တောင်ယာ) နှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် လုပ်ဆောင်သက့ဲသို့ ပိုမိုကြီးမားသော မြင့်တင်မှု၊ စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုနှင့် သုတေသနအတွက် ထိုက်တန်သည့် စနစ်များတို့၏ ကျယ်ပြန့်သောအတိုင်းအတာတစ်ခု အတွင်းသို့ ပြောင်းလဲတိုးတက်လာခဲ့ပါသည်။




ပုံ ၄။ ။ နည်းပညာတစ်ရပ်အဖြစ် အစောပိုင်း သစ်တောစိုက်ပျိုးရေး အယူအဆ

သီးနှံသစ်တောအရောစိုက်ပျိုးရေးနည်းပညာသည် ယခုအခါ လယ်တောများရှိ 'သစ်ပင်များနှင့် အခွင့်အရေးများ' (သစ်တောများသို့ ဂင်ရောက်ခွင့်၊ မြေအသုံးချမှုအမျိုးအစားခွဲမှုများနှင့် စီမံကိန်းရေးဆွဲခြင်း) နှင့်စေ့းကွက် (ရင်းနှီးမြှုပ်နှံမှု၊ ထုတ်ကုန်များအတွက် ဂယ်လိုအား၊ အကျိုးရရှိ မှုများ) စသည့် ကိစ္စရပ်များတို့သည် မြင့်မားသောဖွံ့ဖြိုးတိုးတက်မှုကို ရည်ရွယ်သည့်မူဂါဒများအတွက် အရေးပါသော အစမှတ်များ ဖြစ်သည့်




ပုံ ၅။ ။ ၁၉၉၀ အလယ်နှစ်များတွင် ကျယ်ပြန့်သောမြေနေရာချဉ်းကပ်မှုကို လက်ခံကျင့်သုံးပြီး ပုံဖော်ပေးသော သစ်တောစိုက်ပျိုးရေးနည်းပညာ

သစ်တောအတွင်းစိုက်ပျိုခြင်းတို့ပါဂင်သည့် ကျယ်ဂန်းသောမြေအဆင့်သို့ ချဉ်းကပ်မှုတစ်ခုကို လက်ခံကျင့်သုံးလာပြီဖြစ်သည်။ ထိုဆင့်ကဲပြောင်းလဲတိုးတက်မှု၏ တတိယအဆင့်တွင် သစ်ပင်များ - လယ်သမားများ - သစ်တောများ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု၏ အပြည့်အဂမြင့်တက်လာမှုတလျောက်တွင် လည်ပတ်ဆောင်ရွက်ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ အရေအတွက်များစွာကို ပံ့ပိုးနိုင်ရန်အတွက် စိုက်ပျိုးရေး+သစ်တော၏ ပိုမိုပူးပေါင်းရောယှက်မှု (ပုံ ၆) တစ်ရပ်နှင့် ညီညွတ်မျှတမှုကိုပေးသော မူဂါဒများတို့ကို လိုအပ်သည်။



ပုံ ၆။ ။ မူဂါဒနယ်ပယ်အဖြစ် စိုက်ပျိုးရေး-အပေါင်း-သစ်တောစိုက်ပျိုးမှုနည်းပညာ

ထိုကြောင့် သီးနှံသစ်တောအရောစိုက်ပျိုးရေးနည်းပညာသည် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောလုပ်ငန်းတို့ကြားတွင် ပေါင်းကူးတံတားတစ်ခုကို ဖော်ဆောင်ပေးနိုင်ပြီး ရေရှည်တည်တံ့သော ကမ္ဘာ့စီးပွားရေးတစ်ရပ်အတွက် နောက်ဆုံးထားဦးတည်ချက်ကို ပံ့ပိုးပေးမည့် ပန်းတိုင်များ အတွက် ဘက်စုံဖြေအသုံးချမှုနည်းလမ်းတစ်ရပ်ကိုပေးသည် (ပုံ ၇)။ ၎င်းသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ရည်မှန်းချက်နှစ်ရပ်ကို အောင်မြင်နိုင်စေမည့် ကျယ်ဝန်းသော မြေနေရာပူးပေါင်းဆောင်ရွက်မှုများကို ဖော်ဆောင်ရန် အများပြည်သူ-ပုဂ္ဂလိကအပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုကို ပြန်လည်နေရာချထားရာတွင် ပံ့ပိုးကူညီမည့် အလုံးစုံပါဝင်နိုင်သော ပုံစံတစ်ခုကို ဖန်တီးခြင်းအားဖြင့် မူဂါဒချမှတ်သူများတို့ကို လှုပ်ရှားဆောင်ရွက်ရန် လှုံ့ဆော်မှုတစ်ခုကိုပေးပါသည်။ 'ရာသီဥတုအတွက် အကောင်းဆုံးဖြစ်ရန်' ထိုရည်ရွယ်ချက်သည် သီးနှံသစ်တောအရောစိုက်ပျိုးရေးတွင် မရှိမဖြစ်လိုအပ်ပြီး ထိုလိုအပ်သော အပြောင်းအလဲများအတွက် လောင်စာကို ပေးသည်။



ပုံ ၇။ ။ SDG သစ်ပင်

၄။ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များတို့ကို ရရှိအောင်မြင်စေရန် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ပေးသော အယူအဆတစ်ရပ်အဖြစ် သစ်တောစိုက်ပျိုးရေးနည်းပညာ

လတ်တလောမူဝါဒအကျဉ်းချုပ်တစ်ခုတွင် (van Noordwijk et al 2015) ကျွန်ုပ်တို့သည် သီးနှံသစ်တောအရောစိုက်ပျိုးရေးနည်းပညာက ထိုပန်း တိုင်များတို့ထံ ရောက်ရှိအောင်မြင်စေရန် အကူအညီပေးနိုင်သည့် နည်းလမ်းလေးသွယ်ရှိကြောင်း အနှစ်ချုပ်ထားခဲ့ပါသည်။

၁။ သစ်တောများနှင့် လွတ်နေသောစိုက်ပျိုးမြေများတို့ကြားရှိ မြေကိုအသုံးချမှုစနစ်တစ်ခုအဖြစ် သီးနှံသစ်တောအရောစိုက်ပျိုးရေးနည်းပညာသည် သစ်ပင်များ၊ ကောက်ပဲသီးနှံများနှင့် မွေးမြူရေးတို့ သင့်တင့်မျှတစွာ ပေါင်းစပ်ခြင်းအားဖြင့် ကုန်ပစ္စည်းအမျိုးအစားများ၊ အကျိုးကျေးဇူးများ နှင့် ဝန်ဆောင်မှုများမှတစ်ဆင့် နောက်ဆက်တွဲတွင် အာဟာရပြည့်ဝသော အစားအစာ၊ ပြန်လည်ဖြည့်တင်းနိုင်သော စွမ်းအင်၊ သန့်ရှင်း သောရေနှင့် ဇီဝမျိုးကွဲများတို့ကို ပံ့ပိုးပေးနိုင်ပါသည်။

၂။ သီးနှံသစ်တောအရောစိုက်ပျိုးရေးနည်းပညာသည် စိုက်ခင်းများကြားမြေလွတ်နေမှုကို ပိတ်သွားစေရန် အကူအညီပေးသည့် 'ရေရှည်တည်တံ့သော သိပ်သည်းဆမြင့်တင်မှု' တွင် နည်းပညာအရဆိုရပါလျှင် အောင်မြင်မှုအတိုင်းအတာတစ်ရပ်ဖြစ်သည့် မြေညီမျှမှုအချို့ ၁ အထက် ရရှိနိုင် သော လုပ်ငန်းမျိုးစုံလုပ်ကိုင်လည်ပတ်နိုင်သည့် ထိရောက်သောမြေအသုံးချမှုတစ်ခုဖြစ်ပါသည်။

၃။ သီးနှံသစ်တောအရောစိုက်ပျိုးရေးနည်းပညာသည် ကျား/မဖော်ပြချက်နှင့် လူမှုရေးတန်းတူရှိမှုကို ပြုစုပေးပြီး ရပ်ရွာ၏ လွတ်လပ်စွာလုပ်ပိုင်ခွင့် အတွက် အရင်းအမြစ်အဖြစ် ဆောင်ရွက်ပေးသည့် အရင်းအမြစ်ပင်ရောက်သုံးစွဲခွင့်ကို စိန်ခေါ်နေသည့် ထိရောက်သော အဖွဲ့အစည်းဆိုင်ရာ တုန့်ပြန်မှုတစ်ရပ်ဖြစ်နိုင်ပါသည်။

၄။ လုပ်ငန်းအမျိုးမျိုးလည်ပတ်ဆောင်ရွက်နိုင်သော မြေနေရာများတလျှောက် ပူးပေါင်းရောယှက်နိုင်သည့် အလေ့အထတစ်ရပ်အဖြစ် သီးနှံသစ်တောအရောစိုက်ပျိုးရေးနည်းပညာသည် ပန်းတိုင်အသီးသီးတို့ကြားတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုကို ဖန်တီးပေးနိုင်ပြီး အဖွဲ့အစည်း ဆိုင်ရာ သိုလှောင်ရေးမျှော်စင်များတို့ကို ဖောက်ထွက်နိုင်ရန် ကူညီပေးသည်။

ရှေ့သို့

တည်ရှိနေသော လယ်ယာစိုက်ပျိုးရေး - သစ်တောကွာဟမှုတွင် ရှည်လျားသော သမိုင်းကြောင်းရှိပါသည်။ လက်ရှိအဖွဲ့အစည်းဆိုင်ရာ ခွဲခြားမှုများ၏ မိုခိုမှုလမ်းကြောင်းကို အခွင့်ပေးမည်ဆိုပါက စကားရည်လုနေရုံမျှဖြင့် အပြောင်းအလဲဆီသို့ ရောက်ရှိနိုင်မည်မဟုတ်ပါ။ အပြောင်းအလဲအတွက် လုပ်ငန်းပုံစံထက် လုပ်ငန်းဆောင်ရွက်ချက်ကိုသာ အလေးပေးရန် အတည်ပြုပြောဆိုနိုင်သည့် ထိပ်ပိုင်းမှ ခေါင်းဆောင်မှုကို လိုအပ်ပါလိမ့်မည်။ ဆင်းရဲမွဲတေမှုအမြဲတစေရှိနေသည့် ပေးလံခေါင်သီသောဒေသများ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုသို့ အမှန်တကယ် တိုးတက်သွားခြင်းသည် သီးနှံသစ်တောအရောစိုက်ပျိုးရေးနည်းပညာက ပံ့ပိုးပေးနိုင်သည့် အခွင့်အရေးများ၊ အကျိုးခံစားမှုများ၊ အသိ ပညာ (နည်းပညာ၊ ထည့်ဝင်မှုများ) နှင့် လှုံ့ဆော်မှု (လူစွမ်းရည်) တို့၏ ပေါင်းစပ်မှုအတွက် နည်းလမ်းအသစ်များကို လိုအပ်ပါလိမ့်မည်။ ယခင်က ကဏ္ဍအလိုက် အောင်မြင်မှုများတို့ကို အရေးမစိုက်ခြင်းမရှိဘဲ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များတွင် ဖော်ပြထားသည့် ရည်မှန်းချက်များနှင့် ရာသီဥတုအပြောင်းအလဲဆိုင်ရာ သဘောတူညီချက်တို့ ပြည့်မီအောင်မြင်ရန် ထိုမြေနေရာများတွင် 'အသစ်သောနည်းလမ်းများ' တို့ကို လိုအပ်ပါလိမ့်မည်။

ထောက်ခံအကြံပြုချက်

အာဆီယံ၏ စားနပ်ရိက္ခာ၊ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍအတွက် ရှိနှင့်သောစီမံကိန်းများတွင် ထိုပန်းတိုင်များ၊ လယ်ယာစိုက် ပျိုးရေးနှင့် လုပ်ငန်းလည်ပတ်မှုပုံစံအမျိုးမျိုးပါရှိသော သစ်ပင်ဖုံးလွှမ်းမှုဖြင့် မြေအသုံးချမှုအဖြစ် သစ်တောလုပ်ငန်းတို့ ပူးပေါင်းရောယှက်မှု နှင့်စီမံခန့်ခွဲမှုကို ပံ့ပိုးရန် သီးနှံသစ်တောအရောစိုက်ပျိုးရေးဆိုင်ရာ မူဝါဒများကို လက်ခံကျင့်သုံးရန် ပါရီရာသီဥတုဆိုင်ရာ သဘောတူညီချက်တို့၏ မူဘောင်ကို အသုံးပြုရန် များစွာသောအခွင့်အလမ်းများရှိနေပါသည်။ တိကျသောအဆင့်များတို့သည် အာဆီယံ အဖွဲ့ဝင်နိုင်ငံအသီးသီးတို့ တွင်ရှိနေသည့် အဖွဲ့အစည်းဆိုင်ရာ သမိုင်းကြောင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောလုပ်ငန်းတို့ကြားရှိ လက်ရှိဆက်စပ်မှုများတို့ အပေါ်တွင် မူတည်နိုင်သည်။

ဆက်လက်ဖတ်ရှုရန်

Chazdon RL, Brancalion PH, Laestadius L, Bennett-Curry A, Buckingham K, Kumar C, Moll-Rocek J, Vieira ICG, Wilson SJ. 2016. When is a forest a forest? Forest concepts and definitions in the era of forest and landscape restoration. *Ambio* March:1–13. DOI:10.1007/s13280-016-0772-y.

[FAO] Food and Agriculture Organization of the United Nations. 2000. *FRA 2000: on definitions of forest and forest change*. Forest Resources Assessment Working Paper 33. Rome: Food and Agriculture Organization of the United Nations.

[FAO] Food and Agriculture Organization of the United Nations. 2015. *FRA 2015: terms and definitions*. Forest Resources Assessment Working Paper 180. Rome: Food and Agriculture Organization of the United Nations.

Leimona B, Lusiana B, van Noordwijk M, Mulyoutami E, Ekadinata A, Amaruzaman S. 2015. Boundary work: knowledge co-production for negotiating payment for watershed services in Indonesia. *Ecosystem Services* 15:45–62.

Mbow C, van Noordwijk M, Prabhu R, Simons AJ. 2014. Knowledge gaps and research needs concerning agroforestry's contribution to sustainable development goals in Africa. *Current Opinion in Environmental Sustainability* 6:162–170.

van Noordwijk M, Minang PA. 2009. *If we cannot define it, we cannot save it*. ASB Policy Brief 15. Nairobi: ASB Partnership for the Tropical Forest Margins. http://www.asb.cgiar.org/pdfwebdocs/ASBPB15.pdf.

van Noordwijk M, Minang PA, Hairiah K. 2015. Swidden transitions in an era of climate change. In: Cairns MF, ed. *Shifting cultivation and environmental change: indigenous people, agriculture and forest conservation*. Oxford, UK: Earthscan. pp 261–280.

van Noordwijk M, Mbow C, Minang PA. 2015. *Trees as nexus for Sustainable Development Goals (SDGs): agroforestry for integrated options*. Policy Brief 50. Nairobi: ASB Partnership for the Tropical Forest Margins.

Zomer RJ, Neufeldt H, Xu J, Ahrends A, Bossio DA, Trabucco A, van Noordwijk M, Wang M. 2016. Global tree cover and biomass carbon on agricultural land: The contribution of agroforestry to global and national carbon budgets. *Scientific Reports* 6:29987.

Zomer RJ, Trabucco A, Coe R, Place F, van Noordwijk M, Xu JC. 2014. *Trees on farms: an update and reanalysis of agroforestry's global extent and socio-ecological characteristics*. Working Paper 179. Bogor, Indonesia: World Agroforestry Centre (ICRAF) Southeast Asia Regional Program. DOI: 10.5716/WP14064.PDF.

စာရေးသူများ

Meine van Noordwijk (m.vannoordwijk@cgiar.org)
Rodel Lasco (r.lasco@cgiar.org)

မှန်ကန်သော ကောက်နုတ်ဖော်ပြမှု

van Noordwijk M, Lasco R. 2018. *Agroforestry in Southeast Asia: bridging the forestry–agriculture divide for sustainable development* (in Burmese). Policy Brief no. 91. Agroforestry options for ASEAN series no. 1. Bogor, Indonesia: World Agroforestry (ICRAF) Southeast Asia Regional Program; Jakarta, Indonesia: ASEAN-Swiss Partnership on Social Forestry and Climate Change.

For more information, contact

AWG-SF Secretariat
Manggala Wanabhakti Building, Block VII, 4th Floor,
Jalan Gatot Subroto, Senayan, Jakarta 10270, Indonesia
Tel: +62-21-5703246, ext 478 - Fax: +62-21-5730136

World Agroforestry (ICRAF)
Southeast Asia Regional Program
Jl. CIFOR, Situ Gede, Sindang Barang, Bogor 16115
[PO Box 161, Bogor 16001] Indonesia
Tel: +(62) 251 8625415 | Fax: +(62) 251 8625416
Email: icraf-indonesia@cgiar.org
www.worldagroforestry.org/region/southeast-asia
blog.worldagroforestry.org

World Agroforestry

AWG-SF
ASEAN Working Group on Social Forestry

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

Swiss Agency for Development and Cooperation SDC

asean

Swedish International Agricultural Network Initiative
SIANI

ASEAN Working Group on Social Forestry (AWG-SF) is government-initiated network that aims to strengthen social forestry in Southeast Asia through the sharing of information and knowledge. AWG-SF established by the Association of Southeast Asian Nations (ASEAN) Senior Officials on Forestry (ASOF) in August 2005, linking government forestry policy makers directly with the civil society organizations, research organizations, academia, private sector, and all of whom share a vision of promoting social forestry policy and practices in ASEAN.

The **ASEAN-Swiss Partnership on Social Forestry and Climate Change (ASFCC)** is a Partnership Programme of ASEAN that aims to contribute to the ASEAN Mandate and Policy Framework through support for the ASEAN Working Group on Social Forestry and the ASEAN Multi sectoral Framework on Climate Change towards Food Security.